

Credit : WOLVERHAMPTON University


# လွတ်မြောက်သော်ငြား မလွတ်လပ်နိုင်သေးသူများ

မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြား၌ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်ခြင်းများမှာ အဆုံးမသတ်နိုင်သည့် အဆိုးကျော့သံသရာထဲ၌ပင် လည်ပတ်လျက်ရှိရာ ၂၀၂၁ စစ်တပ်အာဏာလုချိန် စတင်ပြီးနောက် ပြင်းထန်ဆိုးရွားမှုမှာ အရှိန်အဟုန်ဖြင့် တိုးပွားများပြားလာလျက်ရှိနေသည်။ ကာလကြာရှည်ဖြစ်ပွားနေခဲ့သော အကြမ်းဖက်မှုများ၏ နောက်ဆက်တွဲသက်ရောက်မှုတခုဟုဆိုနိုင်သည့် စိတ်ဒဏ်ရာဒဏ်ချက်ခံစားနေရမှုများသည် ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူလူထုအပေါင်း၌ မည်သူ့တွင်မှ မကင်းနိုင်သည်မှာ သံသယဖြစ်ဖွယ်ရာမရှိပေ။

မီးလောင်ပြင်ပမာ ကျဉ်းကျပ်ပူလောင်ဆင်းရဲမှုကို တနိုင်ငံလုံး ရင်ဆိုင်နေရချိန်၌ နိုင်ငံရေးအရ မတရားသဖြင့် ဖမ်းဆီးခံရပြီး သံတိုင်အုတ်ရိုး နောက်ကွယ်ပို့ဆောင်ခြင်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားများမှာမူ အာဏာပါးကွပ်သားတို့၏ လက်ထဲတွင် ပိုမိုနှိပ်ကွပ်ဖိစီးမှုများကို ကြုံတွေ့နေရလျက်ရှိသည်။ အလားတူစွာပင် ထောင်အုတ်နံရံများမှ ထွက်ခွင့်ရပြီး မီးလောင်ပြင်အတွင်းသို့ သက်ဆင်းသွားကြရသူများမှာလည်း မဆုံးနိုင်သည့် ချိုးဖောက်မှုမျိုးစုံကို ထပ်မံ၍ကြုံကြုံခံနေရသလို အုတ်နံရံတွင်းမှ အတွေ့အကြုံများက အိပ်မက်ဆိုးအသွင်ဖြင့် လိုက်ပါနေမှုများကိုပါ ပင်ပန်းကြီးစွာ ရင်ဆိုင်နေကြရဆဲဖြစ်သည်။

နွေဦးတော်လှန်ရေးစတင်ချိန်ကတည်းက အောက်တိုဘာ (၃၁) ရက်၊ ၂၀၂၄ ခုနှစ်အထိ နိုင်ငံရေးအရ မတရားသဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသည့် အရေအတွက်မှာ (၂၇၆၁၂) ရှိသည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က အချက်အလက်မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ ထိုပမာဏမှာ လက်လှမ်းမီသမျှ ကောက်ယူအတည်ပြုထားခြင်းဖြစ်ပြီး လက်တွေ့တွင် ပိုမိုမြင့်မားနိုင်သည်။ ၂၀၂၁ အာဏာသိမ်းမှု မတိုင်ခင် ယခင်နိုင်ငံအရေးအခြေအနေများကြောင့် မြန်မာနိုင်ငံတွင် တရားလက်လွတ် ဖမ်းဆီးခံခဲ့ရသူ နိုင်ငံရေးအကျဉ်းသားစုစုပေါင်း တသောင်းဝန်းကျင်ခန့်သာ ရှိလိမ့်မည်ဟု  အေအေပီပီအနေဖြင့်  ခန့်မှန်းထားရာ၊ ယခု နွေဦးတော်လှန်ရေးကာလ လေးနှစ်ဝန်းကျင်အတွင်း အဖမ်းအဆီးမှာ ယခင်ကာလများနှင့်နှိုင်းယှဉ်လျှင် ၃ ဆနီးပါး မြင့်တက်နေသည်ကို စုဆောင်းကောက်ယူထားသည့် ကိန်းဂဏန်းများအရ တွေ့ရှိရသည်။

# တိုင်းနှင့်ပြည်နယ်အလိုက်ဖမ်းဆီးခံရမှုပြ မြေပုံ




*These are the numbers verified by AAPP. The actual numbers are likely much higher. We will continue to update accordingly.*

| တိုင်းနှင့်ပြည်နယ် | ဖမ်းဆီးခံရသည့် အရေအတွက် |
|---|---|
| ရန်ကုန် | ၆၁၂၆ |
| မန္တလေး | ၄၉၄၄ |
| စစ်ကိုင်း | ၃၉၉၅ |
| ပဲခူး | ၂၃၁၆ |
| တနင်္သာရီ | ၁၇၃၈ |
| မကွေး | ၁၈၇၈ |
| ဧရာဝတီ | ၁၄၇၄ |
| မွန် | ၁၀၃၃ |
| ရှမ်း | ၁၂၄၃ |
| ကချင် | ၇၉၆ |
| ကရင် | ၄၃၇ |
| နေပြည်တော် | ၃၈၇ |
| နေရပ်မသိ | ၁၆၂ |
| ရခိုင် | ၄၀၉ |
| ချင်း | ၃၅၈ |
| ကယား | ၃၁၆ |
| **စုစုပေါင်း** | ၂၇၆၁၂ |

ဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသားများမှာ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ကြသော်လည်း နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် စစ်အုပ်စုနှင့် လက်ပါးစေများက ပစ်မှတ်ထားစောင့်ကြည့်နှောင့်ယှက်မှုများကလည်း စီးပွားရေး၊ လူမှုရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များနှင့် လူမှုအသိုက်အဝန်းအတွင်း သဟဇာတဖြစ်စွာပြန်လည်ဝင်ဆံ့နိုင်မှုကိုလည်း အဟန့်အတားဖြစ်စေသည်။ အလားတူစွာပင် ရဲစခန်း၊ စစ်ကြောရေးနှင့် အကျဉ်းထောင်များအတွင်း ကြုံတွေ့ရသည့် ဖြစ်ရပ်ဆိုးများကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ အကြမ်းဖက်မှုများ၏ နောက်ဆက်တွဲ စိတ်ပိုင်းဆိုင်ရာသက်ရောက်မှုများကို ဆက်လက်ရင်ဆိုင်နေကြရသည်။

အေအေပီပီက တွေ့ဆုံမေးမြန်းခွင့်ရရှိခဲ့သော လွတ်မြောက်လာသည့်နိုင်ငံရေးအကျဉ်းသားများက သူတို့အနေဖြင့် စစ်အုပ်စုက ဖမ်းဆီးစစ်ဆေးသည့်ကာလအတွင်း ကိုယ်ပိုင်ပစ္စည်းဥစ္စာသိမ်းဆည်းခံရမှုများ၊ မိသားစုဝင်များထံ ဖိအားပေးမှုများကို ကြုံတွေ့ခဲ့ကြရပြီး၊ မတရားသဖြင့်ထိန်းသိမ်းခံထားရစဉ်အခြေအနေများ၌လည်း အကြမ်းဖက်မှု၊ ဖိနှိပ်ရက်စက်မှုများကြောင့် ပြန်လည်လွတ်မြောက်လာပြီးနောက်ပိုင်းမှာပင်လျှင် ကြောက်ရွံ့မှုနှင့် စိုးရိမ်ပူပန်မှုများဖြင့် နေထိုင်ရကြောင်း၊ မည်သည့်အချိန်တွင် ထပ်မံဖမ်းဆီးခံရဦးမည်နည်းဆိုသည့် စိတ်ဖိစီးမှုများက အမြဲတစေခြောက်လှန့်နေကြောင်း ဝေမျှကြသည်။ ဖမ်းဆီးခံရစဉ်က နိုင်ငံသားမှတ်ပုံတင်ကဒ် သိမ်းဆည်းခံရပြီး လွတ်မြောက်လာချိန်တွင်လည်း နေအိမ်ပြန်သွားပါက ထပ်မံဖမ်းဆီးခံရနိုင်ခြေရှိကြောင်း သုံးသပ်မိသည့်အတွက် အခြားနေရာသို့ ရွှေ့ပြောင်းလှည့်လည်နေထိုင်ခဲ့ပြီး လက်ရှိနေထိုင်ရာဒေသအတွင်း တိုက်ပွဲအခြေအနေများကြောင့် မှတ်ပုံတင်ပြုလုပ်ခွင့်မရသည့် နိုင်ကျဉ်းဟောင်းတဦးက သူရင်ဆိုင်နေရသည့် အလုပ်အကိုင်ရရှိရန် ခက်ခဲနေသည့် အခြေအနေကို ဤသို့ဆိုသည်။

> လွတ်မြောက်ပြီးတဲ့အချိန် အိမ်ကိုမပြန်ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ သူငယ်ချင်းတွေကလည်း ပြောတယ်။ "နင်အိမ်ပြန်လို့ မဖြစ်ဘူးတဲ့၊ အခုနောက်ပိုင်းအိမ်ကိုပြန်လိုက်တာနဲ့ ပြန်ဆွဲစိနေတာ"ဆိုတော့ ဘားအံက အစ်ကိုအိမ်မှာ နေလိုက်တယ်။ နေလိုက်တဲ့အချိန်မှာ ကိုယ်ထင်ထားတဲ့အတိုင်းပဲ ကိုယ့်အိမ်ကိုသွားမေးတယ်။ ပြန်ရောက်ပြီလား၊ ဘာတွေလုပ်နေလဲ၊ ဘယ်မှာလဲ၊ အုပ်ချုပ်ရေးမှူးကို သွားသွားမေးခိုင်းတယ်။ ဘာတွေအခက်အခဲဖြစ်လာလဲဆိုတော့ စစ်ကြောရေးမှာ ဖမ်းတုန်းက မှတ်ပုံတင်တွေကို တခုမှပြန်မပေးဘူး။ ကိုယ်ကမှတ်ပုံတင်လုပ်ဖို့လည်း အဆင်မပြေတော့ဘူး။ မှတ်ပုံတင်မရှိတဲ့အတွက်ကို ဘာအလုပ်မှကို လုပ်လို့မရဘူး။

စစ်အုပ်စုက နိုင်ငံရေးအကျဉ်းသားများကို လွတ်ပေးသည်ဟုဆိုကာ ထောင်ဘူးဝမှာတင် ပြန်လည်ဖမ်းဆီးမှုများ ပြုလုပ်လျက်ရှိရာ ထိုကဲ့သို့ အချိန်မရွေးပြန်လည်ဖမ်းဆီးခံရနိုင်မည်လားဟူသော အတွေးများနှင့် သောကရောက်နေရသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများလည်း များစွာရှိနေသည်။

**နိုင်ငံရေးအကျဉ်းသားဟောင်းတဦးက**

စိတ်ပိုင်းဆိုင်ရာက ကျွန်တော်တို့ ထောင်ထဲက လွတ်လာခဲ့ပေမဲ့ နောက်ထပ်တကြိမ် ကျွန်တော်တို့ကို လာပြီးတော့ ဖမ်းမလဲ တထိတ်ထိတ်နဲ့တော့ နေ့စဉ်အချိန်တိုင်းလိုလို အဲ့သောကတွေ ရှိနေတယ်။ ညဆို အိပ်မပျော်တာတို့ ရှိနေတယ်။ အဲ့လိုမျိုး တလျှောက်လုံး ကျွန်တော်တို့ ခံစားနေရတယ်။ ဒီလိုမျိုး ကိုယ့်ကိုယ်ကို မလုံခြုံသလို ခံစားနေရတာကြီးက ဘယ်လိုမှ ဖြေဖျောက်လို့ မရဘူး။ သူတို့ အချိန်မရွေး ဘယ်လိုအကြောင်းပြချက်နဲ့ ထပ်လာဖမ်းဦးမလဲဆိုပြီး အဲ့လိုမျိုးကြီးပဲ ခံစားနေရတာ။ ကျွန်တော်မှ မဟုတ်ဘူး။ အဲ့ဒါက ကျွန်တော်နဲ့ အတူလွတ်ခဲ့တဲ့ လူတိုင်းကလည်း စကားစပ်မိတဲ့အခါ ပြောလို့ရှိရင် သူတို့လည်း အဲ့လိုပဲ ခံစားနေရတယ်ဆိုတဲ့အကြောင်း ပြောကြတယ်။

နိုင်ငံရေးအကျဉ်းသားဟောင်းများတင်သာမက ၎င်းတို့၏ မိသားစုဝင်များ အထူးသဖြင့် မိခင်၊ ဖခင်ကို မျက်စိရှေ့မှောက်၌ပင် အဖမ်းခံလိုက်ရသည့်မြင်ကွင်းကို ကြုံတွေ့လိုက်ရသည့် ကလေးငယ်များမှာလည်း စိတ်ဒဏ်ရာများကို အရွယ်နှင့်မမျှ ခံစားနေကြရလျက်ရှိသည်။

**နိုင်ငံရေးအကျဉ်းသူဟောင်းတဦးက သူ့သားငယ်ရင်ဆိုင်နေရသည့် ဖြစ်ရပ်နှင့်ပတ်သက်၍**

"သူ့အဖေ၊ အမေကို ဖမ်းသွားတယ်ဆိုတော့ သားက အဲဒီအပေါ်မှာ trauma အကြီးကြီးရှိတယ်။ ဘာလို့လဲဆိုတော့ နောက်ပိုင်းတောင်မှ သူ့အဘွားနဲ့သူပြန်နေတဲ့အချိန် ဧည့်စာရင်းတွေဘာတွေ လာစစ်တယ်ဆိုရင် ကြောက်နေတာ။ စိတ်ထဲမှာ အမြဲတမ်းစွဲပြီး ထိတ်လန့်နေတယ်။ သူငုံ့ကြည့်လိုက်တဲ့အချိန် စစ်သားတွေ ဘာတွေ သွားနေရင် နှလုံးတွေဘာတွေရပ်မတတ်ဘဲလို့ သားပြောပြတာ။ သူ့ကိုများ တွေ့သွားသလား၊ သူ့ကိုများ ခေါ်သွားမလား အဲ့လိုမျိုးတွေ ဖြစ်တယ်"

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုမတိုင်ခင်ကပင် စိတ်ကျန်းမာရေးဆိုင်ရာ အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အသိပညာပြန့်ပွားရေးလုပ်ဆောင်ရန် အကန့်အသတ်နှင့် ထိရောက်မှုအားနည်းလျက်ရှိရာ ယခုကာလတွင် လိုအပ်ချက်ပိုမိုများပြားလာနေသည်ဟု ကုလသမဂ္ဂမဟာမင်းကြီးရုံး၏ ၅၇ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီအစည်းအဝေးသို့ တင်သွင်းသော အစီရင်ခံစာတွင်ဖော်ပြထားသည်။ ပြည်တွင်းစစ်ကို နှစ်ပေါင်း (၇၀) ကျော်ရင်ဆိုင်နေရပြီး စစ်အာဏာရှင်၏ဖိနှိပ်ရမ်းကားမှုကို ဆယ်စုနှစ်ချီ၍ တွေ့ကြုံခံစားနေရသည့် ပြည်သူလူထုမှာ တနည်းမဟုတ်တနည်း စိတ်ပိုင်းဆိုင်ရာထိခိုက်မှု ဖြစ်ပေါ်နေလျက်ရှိကြရာ အဆိုပါပြဿနာကို ဖြေရှင်းရန် အရေးတကြီးလုပ်ဆောင်ရမည်ဖြစ်သည်။

အလားတူစွာပင် နိုင်ငံရေးအရ မတရားသဖြင့်ဖမ်းဆီးခံခဲ့ရပြီး အုတ်နံရံများနောက်တွင် ပိတ်လှောင်ခံခဲ့ရကာ ပြန်လည်လွတ်မြောက်လာပြီးချိန်တွင်လည်း လူမှုအသိုက်အဝန်းအတွင်းပြန်လည်ဝင်ရောက်ရာ၌လည်းကောင်း၊ အတိတ်ကကြုံတွေ့ခဲ့ရသည့် အကြမ်းဖက်မှုများ၏ သားကောင်ဆက်လက်ဖြစ်နေမှုကို ကျော်လွှားနိုင်စေရန်အတွက်လည်းကောင်း နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးရမည့်ကိစ္စရပ်များကို အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံတကာအသိုက်အဝန်းအပါအဝင် အရပ်ဖက်လူမှုအဖွဲ့အစည်းများကပါ အထူးအလေးပေး၍ အစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ရန် လိုအပ်သည်။

**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)**